ရှေ့မှ

The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊တနင်္ဂနွေနေ့၊ **(1-8-2010)**(၆၄၇၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ဓမ္မေခစေတီတော်အား ဖူးမြော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်အား ရွှေကြာသက်န်း ကပ်လှူပူဇော်ပြီး မိဂဒါဝုန်ရှိ ဓမ္မစကြာတရားဦးဟောတော်မူရာဌာနအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ရွှေသက်န်းနှင့် ရွှေကြာသက်န်းတို့ကို ကပ်လှူပူဇော်ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ **စာမျက်နှာ ၆ ကော်လံ ၁ သို့**☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဗာရာဏသီပြည်နယ်မှ Divisional Commissioner Mr. Ajay Kumar Upadhaya နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။
(သတင်းစဉ်)

ကြေးမုံ The Mirror
၁-၈-၂၀၁၀
(တနင်္ဂနွေနေ့)

မြန်မာနှင့်အိန္ဒိယ ရင်းနှီးချစ်ကြည် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းမှု မြှင့်တင်မည်

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရေ၊ မြေ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည်။ နှစ်ပေါင်းများစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည့် အစဉ်အလာ၊ ချစ်ကြည်ရင်းနှီးမှုတို့နှင့်အညီ အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြသည်။ နှစ်နိုင်ငံအကြား ခေါင်းဆောင်များ အပြန်အလှန် လည်ပတ်လျက်ရှိရာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်လာနိုင်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဇူလိုင် ၂၇ ရက် ညပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်နှင့် တွေ့ဆုံပြီး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာ၌ **"မိမိတို့ နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်အပေါ် အခြေခံပြီး အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ဆက်ဆံလာခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်ရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် လည်ပတ်မှုများကြောင့် ပိုမိုခိုင်မြဲလာစေခဲ့ပြီး ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း"** ပြောကြားသည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်ကလည်း **"မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အာဆီယံဒေသသို့ ဂိတ်တံခါးဝင်ပေါက်သဖွယ် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘင်းမ်စတက်ခ် အဖွဲ့၏ တက်ကြွသည့် အဖွဲ့ဝင်နိုင်ငံဖြစ်သကဲ့သို့ ဆာအတ်အဖွဲ့တွင်လည်း လေ့လာသူဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဒေသတွင်းရှိ နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ဆက်ဆံနိုင်မှုကို အထောက်အကူဖြစ်စေကြောင်း"** ပြောကြားသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ သမိုင်းကြောင်း၊ ပထဝီအနေအထားနှင့် ယဉ်ကျေးမှုဆက်နွှယ်မှုများသည် နှစ်နိုင်ငံရင်းနှီးမှုကို ထပ်လောင်းပံ့ပိုးပေးနိုင်နေသည်။ နှစ်နိုင်ငံပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို မှတ်ကျောက်တင်နိုင်ခဲ့ပေပြီ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာစေသည့်အပြင် နှစ်နိုင်ငံအကြား မဟာဗျူဟာကျသည့် ဆက်ဆံရေးအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် နှစ်နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်းများ လျင်မြန်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေး အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာစေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Gao Tiejun နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့သည် ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Gao Tiejun နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်သံမှူး Senior Colonel Gao Tiejun နှင့် ဇနီး၊ သံရုံးဝန်ထမ်းများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တင်ဆက်ပြသ

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပနေစဉ် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဆိုင်ရာ ပြကွက်များဖြင့် တင်ဆက်ပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး၊ စစ်သံမှူး Senior Colonel Gao Tiejun နှင့် ဇနီးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅	၇။	အကပြိုင်ပွဲ
၈း၂၅	၈။	"ပြင်ဦးလွင်ခရိုင်အတွက် အခွင့်အရေးကောင်းတစ်ခု ကျောက်အိုးတံတားက သက်သေပြု"
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၀	၃။	တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၃၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၃၀)**
၁၂း၃၀	၅။	Golf Magazine(TV)
၁၂း၅၀	၆။	**မြန်မာရုပ်ရှင် "မရှိမဖြစ်မိုး" (ရဲအောင်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-အောင်မြင့်မြတ်)**
၂း၄၀	၇။	"နေပြည်တော်တောင်စခန်း ရှင်လန်းဖွယ်နားခိုမယ် Mount Pleasant Hotel"
၂း၅၀	၈။	International News
၃း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀	၃။	အတီးပြိုင်ပွဲ
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅	၇။	တေးဂီတအစီအစဉ်
၅း၁၅	၈။	"မင်းမသိပါဘူးကွာ"
၅း၂၅	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	**ကာတွန်းအစီအစဉ်** "BUG,S ADVENTURE" **(အပိုင်း-၂၂)**
၆း၃၅	၁၃။	**တစ်မျက်နှာတစ်ကွက်စာ "မေတ္တာလမ်းမှ ခလုတ်လေး" (တေဇ၊ မိုးထက်ပိုင်၊ ခိုင်ငြိမ်းငြိမ်းစံ၊ ကြည်နူးနိုင်) [ဒါရိုက်တာ-မေတင်(MMG)]**
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်"(အပိုင်း-၂)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	စည်းလုံးတဲ့မြေ [စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည် (မအူပင်)]
	၁၉။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၄၇)**
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၈)**
	၂၁။	ရုပ်သံကြည့်ပွဲများ
	၂၂။	အစီအစဉ်ပြီး၏။

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၃၁

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်စာအုပ်အသင်းက၊ ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရ သိန်းသန်းဝင်း(မလှိုင်) ရေးသားသည့် "မြန်မာ့ဆိုင်း" စာအုပ်ကို စာအုပ်အသင်း၏ (၆၂)နှစ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း၊ အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "မောင်ကာလ သောတာပန်တည်ပုံ" တရားတော် [ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)]
၆း၄၀ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
၇း၀၀ MRTV-4 သတင်း
၇း၄၅ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၄)**
၈း၃၀ Sports World (Sunday Special)
၈း၅၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဟတ်ထိတယ်"
၉း၂၀ ရိုးကြီးကျေးရွာ၏ပညာအလင်းရောင်
၉း၄၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀း၄၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀း၄၅ Activities In The City [မသန်စွမ်းသူများဘဝမြှင့်တင်ရေး အဖွဲ့၏(၆)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနား]
၁၀း၅၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ပလေးဘွိုင်းသန်းနိုင်)
၁၁း၂၀ မြန်မာ့ဆေးဖက်ဝင်အမည်ဆန်း "တပင်တိုင်မြနန်း"
၁၁း၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၀)
၁၂း၁၀ ညောင်ရွှေမြို့၌ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိပုဿနာဒိနုဂ္ဂဟစာမေးပွဲတော်ကြီး
၁၂း၄၀ မိခင်နို့စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း သိကောင်းစရာများ (ဒေါက်တာသိန်းသိန်းမြင့်)
၁း၀၀ "မောင်ကာလ သောတာပန်တည်ပုံ" တရားတော် [ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)]
၁း၄၀ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း (TV ကြည့်တာကောင်းတယ်၊ TV မကြည့်တာကောင်းတယ်)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၄)**
၄း၁၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၄း၁၅ Activities In The City [မသန်စွမ်းသူများဘဝမြှင့်တင်ရေး အဖွဲ့၏(၆)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနား]
၄း၂၅ ရိုးကြီးကျေးရွာ၏ ပညာအလင်းရောင်
၄း၄၅ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား
၄း၅၅ မြန်မာ့ဆေးဖက်ဝင်အမည်ဆန်း "တပင်တိုင်မြနန်း"
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ FMF Selection
၆း၄၅ ဗီဒီယိုပြခန်း
၇း၀၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၁)
၇း၃၅ ဈေးဝယ်လမ်းညွှန် (ရှားပါးစာအုပ်အရောင်းပွဲတော်)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (TV ကြည့်တာကောင်းတယ်၊ TV မကြည့်တာကောင်းတယ်)
၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၄)**
၁၀း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၀)
၁၀း၁၅ ညောင်ရွှေမြို့၌ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိပုဿနာဒိနုဂ္ဂဟစာမေးပွဲတော်ကြီး
၁၀း၄၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ပလေးဘွိုင်းသန်းနိုင်)
၁၁း၀၅ ဗီဒီယိုပြခန်း
၁၁း၂၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဟတ်ထိတယ်"
၁၁း၅၀ "ရွှေဖြူ"ဟုခေါ်သည် (အပိုင်း-၁)
၁၂း၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်း မိုးစပါးကွင်းပိတ်ပွဲ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့် မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း CDMA -450 မိုဘိုင်းရေဒီယိုစခန်းဖွင့်

ရန်ကုန် ဇူလိုင် ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာ လယ်မြေရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည့် ရန်ကုန်တိုင်း ရေတော်မိုးတော်မိုးစပါး ကွင်းပိတ်ပွဲ၊ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ဆုများ ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ပြိုင်ပွဲဝင် ကောက်စိုက်အသင်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ နှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် ရေတော်မိုးတော်မိုးစပါးကွင်း ပိတ်ပွဲ အစီရင်ခံစာများကို ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များက တိုင်းမှူးထံပေးအပ်ကြပြီး ပြိုင်ပွဲဝင် ကောက်စိုက်လုံမေအသင်းများက ကောက် စိုက်စွမ်းရည် စတင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ကောက်စိုက် စွမ်းရည်ယှဉ်ပြိုင်နေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေဝါ ငါးကြင်းနှင့် ငါးခုံးမကြီးများကို လယ်ကွက် အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြပြီး ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများ၏ ပညာ ပေးပြခန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လယ်ယာလုပ်ငန်း ခွင်သုံး စက်ကိရိယာများ၊ ပိုးသတ်ဆေး၊ မြေသြဇာနှင့် မွေးမြူရေးဆိုင်ရာပြခန်း များကို လှည့်လည်ကြည့်ရှု အားပေးကြ သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနား ကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ က ၂၀၀၉-၂၀၁၀ ခုနှစ် လယ်ယာကဏ္ဍ ဘက်စုံစိုက်ပျိုးထုတ်လုပ်မှု မြို့နယ် ထူးချွန်ဆုရ တိုက်ကြီးမြို့နယ်အား ဆု ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိ သူများက စပါးနှင့် သီးနှံထုတ်လုပ်ရေး ဆိုင်ရာ ဆုအသီးသီးရရှိကြသော မြို့နယ် များနှင့် လူပုဂ္ဂိုလ်တို့အား ဆုများ ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူ တို့က တိုင်းအဆင့် ကောက်စိုက်စွမ်းရည် ပြိုင်ပွဲ ဒုတိယနှင့် တတိယဆုရ မြို့နယ် အသင်းများအား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တိုင်းအဆင့် ကောက်စိုက်စွမ်း ရည်ပြိုင်ပွဲ ပထမဆုရ တိုက်ကြီးမြို့နယ် အသင်းအား ဆုများချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ဂုဏ်ပြု ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ် ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့သည် နံနက် ၁၁နာရီတွင် မှော်ဘီမြို့နယ် မြောင်းတကာ စက်မှုဇုန်၌ကျင်းပသည့် မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း CDMA -450 မိုဘိုင်း ရေဒီယိုစခန်း ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး၊ ဆက်သွယ် ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မိုဘိုင်းဆက်သွယ်ရေး အင်ဂျင်နီယာချုပ်တို့က CDMA -450 မိုဘိုင်းရေဒီယိုစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စခန်းဆိုင်းဘုတ်ကိုစက်ခလုတ် နှိပ်၍ဖွင့်လှစ်ပေးပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ပက်ဖျန်းပေး

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်အား နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှင့် အဖွဲ့ဝင်များအား မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း ရန်ကုန်တိုင်း တိုင်းမန်နေဂျာ က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စက်ခန်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြ ကာ တာဝန်ရှိသူများအား လိုအပ်သည် များကို မှာကြားသည်။

မှာကြား

ယင်းနောက် မြောင်းတကာစက်မှုဇုန်ရှိ ရန်ကုန်ကရောင်း ကုမ္ပဏီလီမိတက်၏ သံရည်ကျိုစက်ရုံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရုံ အတွင်း၌ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြောင်းတကာစက်မှုဇုန်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း CDMA-450 မိုဘိုင်းရေဒီယိုစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ၏ ရေကူးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီး ဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ပညာရေးကောလိပ်များ၏ရေကူး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျား လမ်းရှိ တက္ကသိုလ်ရေကူးကန် (ရန်ကုန်) ၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အဖွင့်အမှာစကား ပြော ကြားပြီး ရေကူးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံ ကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ် ၁၆ ခုမှ ရေကူး အားကစားသမား ၉၅ ဦး ပါဝင်ယှဉ်ပြိုင် ကြပြီး နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့် ပွဲကို ဩဂုတ် ၁ ရက်တွင် ကျင်းပမည် ဖြစ်သည်။

(သတင်းစဉ်)

အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ် များ၏ ရေကူးပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

◆ ကျောဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့်ဇနီး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့သို့ရောက်ရှိသည်။

ခရီးဦးကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် အထူးလေယာဉ်သည် ဂယာလေဆိပ်သို့ ဆိုက်ရောက်သည်နှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဌာနမှ တာဝန်ခံ Shri Anil K. Sharma တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr.Villur Sundararajan Seshadri နှင့် ဇနီး Superintendent of Police Mr. Daljeet Singh ၊ District Magistrate Mr. Udai Kumar တို့က လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ညအချိန် ဖူးတွေ့ရစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား မြန်မာကလေးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ကြသည်။

ဂါရဝပြု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၏ ဇနီး ဒေါ်မာမာရှိန်၊ ကိုလ်ကတ္တားမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိန်ဦးနှင့်ဇနီး ဒေါ်စန္ဒာလှိုင်၊ သံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဂယာလေဆိပ်မှ ခေတ္တတည်းခိုမည့် The Royal Residency Hotel သို့ရောက်ရှိကြသည်။

ကုသိနာရုံ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

ကပ်လှူပူဇော်

ကုသိနာရုံမြို့ရှိ မဟာပရိနိဗ္ဗာန လျောင်းတော်မူ ရုပ်ပွားတော်မြတ်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက ရွှေကြာသက်န်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းအောင် စစ်ကိုင်းတိုင်းအတွင်း သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန စိုက်ခင်းများနှင့် သစ်စက်စစ်ဆေး

နေပြည်တော် ဇူလိုင် ၃၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် မြိုင်မြို့နယ် လက်ပံအိုင်ရွာအနီး ၂၀၁၀ ခုနှစ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကျေးရွာသုံး သာမန်သစ်မာစိုက်ခင်းဧက ၂၀၀ နှင့် သင်းပေါင်းကန်ရွာအနီး ၂၀၀၉ ခုနှစ် သစ်မာစိုက်ခင်းဧက ၁၃၀ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ဗောဓိတစ်ထောင်ဒေသ စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ဗောဓိတစ်ထောင်ကာကွယ်တောအတွင်း စိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု၊ ရေရရှိရေးဆောင်ရွက်ထားရှိမှု၊ ကွန်တိုတန်းများဖြင့် စိုက်ပျိုးထားရှိမှုနှင့် လာမည့်ရာသီတွင် ထပ်မံစိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက စိုက်သမျှ ရှင်သန်အောင်ဂရုစိုက်သွားရေး မှာကြားပြီး ဗောဓိတစ်ထောင်ဒေသ စိမ်းလန်းစိုပြည်နေမှုနှင့် ပျိုးဥယျာဉ်များအတွင်း ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မုံရွာမြို့ အမှတ်(၅)အထပ်သားစက်ရုံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းစောင့်ရှောက်မှု၊ စံပြကြိုးဝိုင်းများ ဖွဲ့စည်းထားရှိမှု၊ ကျေးလက်အိမ်ရာ ထူထောင်ရေးနှင့် စိုက်ခင်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက စိုက်ခင်းများ စိုက်ပျိုးအောင်မြင်နေမှု၊ သဘာဝတောများ ထိန်းသိမ်းထားရှိမှု၊ ထင်းအစားထိုးလောင်စာ ဖြန့်ဝေပေးမှုနှင့် ရေရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သစ်တိုက်လမ်းဖောက်လုပ်ရန်လျာထားမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ကြိုးဝိုင်းများ တိုးချဲ့ဖွဲ့စည်းသွားရေးနှင့် စိုက်ခင်းများ အောင်မြင်စေရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကွန်ကရစ်လမ်းများခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိ ဝိသကျံလမ်းနှင့် အမှတ် (၃/ခ)ရပ်ကွက်ရှိ ဘူတာဟောင်းလမ်းတို့ကို ကွန်ကရစ်လမ်းချောခင်းနေမှု၊ မြောက်ဥက္ကလာပမြို့နယ် (ဇ)ရပ်ကွက်ရှိ ဥဇ္ဇာလမ်းသွယ်(၆) လမ်းနှင့် (င)ရပ်ကွက်ရှိ နွယ်နီ(၁၅)လမ်း တို့ကို ကွန်ကရစ်လမ်းချော ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းကျင်းနေမှု၊ တောင်ဥက္ကလာပမြို့နယ်(၁၀)ရပ်ကွက်ရှိ အဿကလမ်း အဆင့်မြှင့်ဆောင်ရွက်ရန် အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ဖူးမြော်ကြည်ညို

ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

☆ စာမျက်နှာ ၄ မှ

သံအမတ်ကြီးနှင့်ဇနီး၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဌာနမှတာဝန်ခံတို့ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဂယာမြို့မှ ကုသိနာရုံမြို့သို့ရောက်ရှိကြရာ District Commissioner Mr. SBSL Ramdarao နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ မဟာပရိနိဗ္ဗာနစေတီတော်သို့ ရောက်ရှိကြသည်။

ယင်းနောက် မဟာပရိနိဗ္ဗာနလျောင်းတော်မူ ရုပ်ပွားတော်မြတ်အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မိသားစုက ရွှေကြာသင်္ကန်း ကပ်လှူလွှမ်းခြုံပူဇော်ကြသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် စေတီတော်ကို လှည့်လည်ကြည်ညိုကြပြီး ကုသိနာရုံကျောင်းတိုက်သို့ ရောက်ရှိကြရာ ဒေသခံကျောင်းသား၊ ကျောင်းသူလေးများက ကြိုဆိုကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုက ကုသိနာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုကြပြီး ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် သင်္ကန်းနှင့် ပရိက္ခရာရှစ်ပါး အစရှိသော လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ကုသိနာရုံကျောင်းဆရာတော်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဗုဒ္ဓဆင်းတုတော်၊ ဓာတ်တော်နှင့် ဓာတ်တော်ကြုတ်တို့ကို ဓမ္မဒါနအဖြစ် ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ကုသိနာရုံမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ဂယာမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ညဦးပိုင်းတွင် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်သို့ သွားရောက်၍ စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူ ပူဇော် ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဂုဏ်တော်များနှင့် ဗုဒ္ဓဒေသနာတော်များကို ပွားများကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ည ၉ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဗုဒ္ဓ ဓမ္မစင်တာနှင့် ထေရဝါဒ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်းတို့အတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဗုဒ္ဓဓမ္မစင်တာနှင့် ရန်ကုန်မြို့ရှိ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာပြုသင်တန်းကျောင်းတို့အတွက် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဝန်ကြီး၏ ဧည့်ခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်ထံ အလှူရှင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းနေ ဦးတင်စိန်-သီရိသုဓမ္မသိင်္ဂီ ဒေါ်ကျင်သိန်း မိသားစုက ဗုဒ္ဓဓမ္မစင်တာတွင် အသုံးပြုမည့် ပလ္လင်တော်နှင့် ပရိဘောဂများ ပြုလုပ်ရန် ငွေကျပ်သိန်း ၁၈၀ နှင့် နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာပြု သင်တန်းကျောင်း ဇမ္ဗူသီရိဗိမာန်တော်တွင် အသုံးပြုမည့် မီးစက်ဝယ်ယူရန် ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ် သိန်း ၂၃၀ကို ပေးအပ်လှူဒါန်းကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်ထံ အလှူရှင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းနေ ဦးတင်စိန်-သီရိသုဓမ္မသိင်္ဂီ ဒေါ်ကျင်သိန်း မိသားစုက ဗုဒ္ဓဓမ္မစင်တာတွင် အသုံးပြုမည့် ပလ္လင်တော်နှင့် ပရိဘောဂများပြုလုပ်ရန်အတွက် ငွေကျပ်သိန်း ၁၈၀ နှင့် နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာပြု သင်တန်းကျောင်း ဇမ္ဗူသီရိဗိမာန်တော်တွင် အသုံးပြုမည့် မီးစက်ဝယ်ယူရန် ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၂၃၀ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဒိုက်ဦးမြို့နယ် အမှတ်(၂)ရပ်ကွက် ကုန်သည်လမ်းနေ ဦးသိန်းမြင့်(ဧက-၁၀၀၀)-ဒေါ်ခင်လှမိသားစုက ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းရုံး အဆောက်အအုံနှင့် သင်တန်းခန်းမဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း၃၀ကို ဖောင်ဒေးရှင်းအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်မြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ ဆရာတော်ကြီး၏ စေတနာ လူငယ်များ အတွက်ဗုဒ္ဓဘာသာ
- ၇း၂၅ ၄။ ဓမ္မပူဇာတေး
- ၇း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် -အမြွာစုံထောက် (အပိုင်း-၂၆)**
- ၁၂း၀၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်ပွင့်များရဲ့ကောင်းကင်**
- ၁၂း၃၀ ၆။ ကျန်းမာသုတ
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၅၇)**
- ၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ ဘဝကြေးမုံ (မိန်းမတစ်ယောက်ရဲ့ သံသယ) (မိုးထက်ပိုင်၊ နဒီဝင့်နိုင်၊ ပွင့်နဒီမောင်) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သည်းချာ (အပိုင်း-၅၃)**
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လရောင်ဆမ်းတဲ့ဒဏ္ဍာရီ (အပိုင်း-၂၆) (ဇာတ်သိမ်းပိုင်း)**
- ၂၁။ လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၁၅)
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

အပရာဇိတ ရွှေပလ္လင်နှင့် ဗောဓိပင် ရွှေကြာသင်္ကန်းကပ်လှူ ညောင်ရေ သွန်းလောင်းပူဇော် ဖူးမြော် ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့က ဗုဒ္ဓဂယာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ အလှူငွေများ လှူဒါန်းကြစဉ်။

(သတင်းစဉ်)

☆ ရွှေ့ဖုံးမှ

ဒုတိယ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အိန္ဒိယ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အတူ နံနက် ၅ နာရီ ၁၀ မိနစ်တွင် ဂယာမြို့ရှိ ခေတ္တတည်းခိုသည့် ဟိုတယ်မှ ဗုဒ္ဓဂယာရှိ သီရိဓမ္မာသောကမင်းကြီး စတင်တည်ထားခဲ့သော မဟာဗောဓိစေတီတော်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား အရုဏ်ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ရွှေကြာသင်္ကန်းကပ်လှူ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိစေတီတော်ရှိ ရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓဂယာ ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့က အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အပရာဇိတရွှေပလ္လင်နှင့် ဗောဓိပင်ရှေ့၌ အပူဇော်ခံထားရှိသည့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း၊ အရုဏ်ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ကြပြီး ဗုဒ္ဓဂုဏ်တော်နှင့် ဗုဒ္ဓဒေသနာတော်များကို ပွားများကြသည်။

ထို့နောက် ဂေါတမမြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခဲ့သည့် နေရာဖြစ်သော အပရာဇိတ ရွှေပလ္လင်နှင့် ဗောဓိပင်သို့ရောက်ရှိပြီး ရွှေကြာသင်္ကန်းကပ်လှူ၍ ညောင်ရေ သွန်းလောင်းပူဇော်ကာ ဖူးမြော်ကြည်ညိုကြသည်။

ပူဇော်ကြည်ညို

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော် ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ သတ္တာဟခုနစ်ဌာနသို့ လှည့်လည်ကြည်ညိုကြပြီး မုစ္စလိန္ဒာအိုင်အတွင်းရှိ ငါးသတ္တဝါများအား အာဟာရ ဒါနပြုကြသည်။

ထို့နောက် ဗုဒ္ဓဂယာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီရုံးသို့ ရောက်ရှိကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဗုဒ္ဓဂယာ ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မဟာဗောဓိစေတီတော်ပုံတူ၊ ကော်မတီကထုတ်ဝေသည့် စာအုပ်များနှင့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသည် ဗုဒ္ဓဂယာထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ထပ်မံဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဂယာမြို့ရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းသို့ရောက်ရှိကြပြီး ဗုဒ္ဓဂယာမြန်မာကျောင်း အပါအဝင် အိန္ဒိယသမ္မတနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းတို့အတွက် သင်္ကန်း၊ ပရိက္ခရာ(၈)ပါးနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြသည်။

တရားတော်နာယူ

ထို့နောက် ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော်ထံ သင်္ကန်း၊ ပရိက္ခရာနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်း၊ ပရိက္ခရာနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်ထံမှ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ အမျှပြုသော

စာမျက်နှာ ၇ ကော်လံ ၁ သို့

ရွှေကြာသင်္ကန်းကပ်လှူပူဇော်

ဗုဒ္ဓဂယာရှိ အပရာဇိတရွှေပလ္လင်နှင့် ဗောဓိပင်ရှေ့၌ အပူဇော်ခံထားရှိသည့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့က ရွှေကြာသင်္ကန်း၊ အရုဏ်ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ကြပြီး ဗုဒ္ဓဂုဏ်တော်နှင့် ဒေသနာတော်များကို ပွားများကြစဉ်။

(သတင်းစဉ်)

ဂေါတမမြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောကြားတော်မူခဲ့ရာဌာနကို ဖူးမြော်ကြည်ညို

❑စာမျက်နှာ ၆ မှ

ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရွတ်ဆိုဆုတောင်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ဗုဒ္ဓသာသန်စိရံ တိဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာသနာ့နုဂ္ဂဟအသင်းအတွက် အလှူငွေများကို လှူဒါန်းခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဗာရာဏသီမြို့သို့ ရောက်ရှိ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အိန္ဒိယ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုက ဗုဒ္ဓဂယာမြန်မာကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက်နှင့် ဗုဒ္ဓဂယာသာသနာ့နုဂ္ဂဟအသင်းနှင့် အိန္ဒိယသမ္မတနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းတို့အတွက် အလှူငွေများ လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဖူးမြော် ကြည်ညို

မိဂဒါဝုန်ရှိ ဂေါတမမြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောကြားတော်မူခဲ့ရာဌာနကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် လုပ်ငန်းရှင်များက ဗုဒ္ဓဂယာမြန်မာကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်နှင့် ဗုဒ္ဓဂယာသာသနာ့နုဂ္ဂဟ အသင်းအတွက် အလှူငွေများ လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက ဗုဒ္ဓဂယာမြန်မာကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် လည်းကောင်း၊ ဗုဒ္ဓဂယာသာသနာ့နုဂ္ဂဟအသင်းနှင့် အိန္ဒိယသမ္မတနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းအတွက် အလှူငွေများကို လှူဒါန်းခဲ့ကြသည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ထို့အတူ နိုင်ငံတော်အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် လုပ်ငန်းရှင်များကလည်း ဗုဒ္ဓဂယာ မြန်မာကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်နှင့် ဗုဒ္ဓဂယာ

လေကြောင်း အထူးလေယာဉ်ဖြင့် ဂယာမြို့မှ ဗာရာဏသီမြို့သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား ဗာရာဏသီပြည်နယ်မှ Divisional Commissioner Mr.Ajay Kumar Upadhaya နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မိဂဒါဝုန်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ဂေါတမမြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောကြားတော်မူခဲ့ရာ ဌာနကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ဗာရာဏသီမြို့ရှိ မိဂဒါဝုန် မြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝဏ္ဏဓဇက ဓမ္မစကြာတရားဦး ဟောတော်မူခဲ့သည့် နေရာ၌ စေတီတော်တည်ရှိခဲ့သည့် အခြေအနေများကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဓမ္မေခစေတီတော်ကို ရွှေကြာသက်နီးကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မိဂဒါဝုန် မြန်မာကျောင်းဆရာတော် အမှူးပြုသော

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ကြည်ညိုဖွယ်ရာ သတ္တာဟခုနစ်ဌာန

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မဟာဗောဓိစေတီတော် ပရိဝုဏ် အတွင်းရှိ သတ္တာဟခုနစ်ဌာနသို့ လှည့်လည်ကြည်ညို မုစ္စလိန္ဒာအိုင်အတွင်းရှိ ငါးသတ္တဝါများအား အာဟာရ ဒါနပြု

ဆဋ္ဌမသတ္တာဟ မုစ္စလိန္ဒာအိုင်

မဟာဗောဓိ စေတီတော် ပရိဝုဏ်အတွင်းရှိ ဆဋ္ဌမ သတ္တာဟ မုစ္စလိန္ဒာအိုင်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ပထမသတ္တာဟ ဗောဓိပင်နှင့် ရွှေပလ္လင်

ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ပထမ သတ္တာဟဗောဓိပင်နှင့် ရွှေပလ္လင်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၇ မှ

ဆရာတော်၊ သံဃာတော်များအား သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီး နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အိန္ဒိယလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ဗာရာဏသီမြို့မှ နယူးဒေလီမြို့သို့ ရောက်ရှိကြရာ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Minister of State Mrs. Prenut Kaur နှင့် တာဝန်ရှိသူများက ပလန်လေတပ်စခန်း ဌာနချုပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ITC Maurya Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒုတိယသတ္တာဟ အနိမိသစေတီတော်

မဟာဗောဓိ စေတီတော် ပရိဝုဏ်အတွင်းရှိ ဒုတိယ သတ္တာဟ အနိမိသစေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

စတုတ္ထသတ္တာဟ ရတနာဃရရွှေအိမ်တော်

မဟာဗောဓိ စေတီတော် ပရိဝုဏ်အတွင်းရှိ စတုတ္ထ သတ္တာဟ ရတနာဃရ ရွှေအိမ်တော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

တတိယသတ္တာဟ ရတနာစင်္ကြံတော်

မဟာဗောဓိ စေတီတော် ပရိဝုဏ်အတွင်းရှိ တတိယ သတ္တာဟ ရတနာစင်္ကြံတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

မဟာဗောဓိ စေ တီ တော် ပရိဝုဏ်အတွင်းရှိ ပဉ္စမ သတ္တာဟ အဇပါလ နိဂြောဓ (ဆိတ်ကျောင်းညောင် ပင်) အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ သတ္တမသတ္တာဟ ရာဇာယတနလင်းလွန်းပင်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အား ချောမွေ့ညင်သာစွာ ကူးပြောင်းတည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား၊ တစ်မျိုးသားလုံး စည်းကမ်းမြင့်မားမှုစွမ်းအားနှင့် အမျိုးသားပညာရည် မြင့်မားမှုစွမ်းအားများကို ပေါင်းစည်းမြှင့်တင်ဆောင်ရွက်သွားကြရန်လို

ရန်ကုန် ဇူလိုင် ၃၁

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိယံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုသည့် အခြေခံအကြောင်းတရားများအပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး စီမံကိန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏ အနာဂတ် ရေရှည်တည်တံ့ခိုင်ခံ့စေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ အချိန်အခါမျိုးတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်သွားမည့် အရည်အချင်း အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအား နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေခံကောင်းများ၊ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တိုးတက်ဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍက ပြုစုပျိုးထောင် မွေးထုတ်ပေးခြင်းသည် ပဓာနကျလျက်ရှိကြောင်း။

ယခုကဲ့သို့ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေးနှင့် အရည်အသွေးမြင့်မားသည့် အသိပညာ၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ရပ်လုံးအား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

ယနေ့အခြေခံပညာကဏ္ဍတွင် အဆင့်မြင့်သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီဓာတ်ခွဲခန်းများ၊ အီလက်ထရွန်နစ် သင်ထောက်ကူစာသင်ခန်းများနှင့် ပြည့်စုံနေပြီဖြစ်သကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍနှင့် အလိုက်သင့် ချိတ်ဆက်သင်ယူနိုင်စေမည့် ပညာရေးစနစ်သစ်အတွင်း ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိနေပြီ ဖြစ်ကြောင်း။

ထို့အပြင် နယ်စွန်နယ်ဖျားဒေသများအပါအဝင် ကျေးလက်ဒေသများအထိ ပညာရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ ဖော်ဆောင်နိုင်မှသာလျှင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအကြား ဆူကြုံနိမ့်မြင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များသည်လည်း တဖြည်းဖြည်း ကျဉ်းမြောင်း ပပျောက်သွားစေမည် ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ဆရာနှင့် တပည့်၊ စာသင်ကျောင်းနှင့် ရပ်ရွာ တစ်သားတည်းရှိစေပြီး ရပ်ရွာဖွံ့ဖြိုးရေးတွင် ဦးဆောင်ပါဝင် ဆောင်ရွက်ကြရမည့်အပြင် ယနေ့ကာလ၏ အရေးပါဆုံး လိုအပ်ချက်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး အနှစ်သာရနှင့် အားမာန်၊ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၏ အမျိုးသားရေး အဓိပ္ပာယ်တို့ကို ပြည်သူများ စစ်မှန်စွာ သိမြင်ခံယူလာစေရေးအတွက် ဦးဆောင် စည်းရုံးသွားကြရန် မှာကြားလိုကြောင်း။

ပညာရေးကဏ္ဍ၏ အဓိကစွမ်းအားစုများဖြစ်သည့် ဆရာ၊ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များအား ပညာရည်ထူးချွန်ထက်မြက်ရုံသာမက စိတ်ဓာတ်၊ စည်းကမ်း မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလ မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး အစဉ်ထာဝရလက်ဆင့်ကမ်းတည်ဆောက်သွားကြရမည့် အမျိုးသားရေးစိတ်ဓာတ်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ဆရာ၊ဆရာမများအနေဖြင့် အနာဂတ် နိုင်ငံတော်ကို လက်ဆင့်ကမ်း တာဝန်ယူသွားကြမည့် လူငယ်လူရွယ်များအား စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းလိုသော စိတ်ဓာတ်၊ နိုင်ငံကြီးသားစိတ်ဓာတ် အစရှိသည့် မြင့်မြတ်သောစိတ်ဓာတ်ရေးရာ အခြေခံကောင်းများကို အစဉ်တစိုက် တည်ဆောက်ပေးနေကြရန် လိုအပ်ကြောင်း။

အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အား ချောမွေ့ညင်သာစွာဖြင့် ကူးပြောင်းတည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား၊ တစ်မျိုးသားလုံး စည်းကမ်းမြင့်မားမှုစွမ်းအားနှင့် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားများကို ပေါင်းစည်းမြှင့်တင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခုကဲ့သို့ အမျိုးသားရေးစွမ်းအားများကို ပေါင်းစည်းမြှင့်တင် အကောင်အထည်ဖော်ရာ၌ ပဓာနကျသည့် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်နေသော အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏မွန်မြတ်သော ပညာရေးဝန်ထမ်းဘဝကို ဂုဏ်ယူမြတ်နိုးမှုနှင့်အတူ ယုံကြည်ချက်၊ ခံယူချက်များ ခိုင်ခိုင်မြဲမြဲထားရှိပြီး စံနမူနာပြ ကြိုးပမ်းအားထုတ်သွားကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာ့ပညာရေး မျှော်မှန်းချက် ပေါက်မြောက်အောင်မြင်ရေးအတွက် ခိုင်မာသည့် အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်များ၊ ကျယ်ပြန့်သည့် အမျိုးသားရေးအသိအမြင်၊ စိတ်ဓာတ်ရေးရာ အင်အားသစ်များနှင့်အတူ အရည်အချင်းရော အရည်အသွေးပါ ပြည့်ဝသည့်ဆရာ၊ ဆရာမများအဖြစ် ကြိုးပမ်းစွမ်းဆောင်သွားကြရန်၊ မျိုးဆက်သစ်လူငယ်များ အနေဖြင့် အနာဂတ်နိုင်ငံ့တာဝန်များကို ကျေကျေပွန်ပွန် လက်ဆင့်ကမ်းထမ်းဆောင်သွားနိုင်ရေးအတွက် စနစ်တကျပြင်ဆင်ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ပညာရေးလုပ်ငန်းတာဝန်များကို အရေးကြီးသည့် အမျိုးသားရေးတာဝန် ထမ်းဆောင်နေခြင်းအဖြစ် ခံယူကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုရ ကသအမှတ် F-၃၄ ဦးအေးကို [အလယ်တန်းပြ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဝမ်းဘဲအင်း ပဲခူးမြို့နယ် ပဲခူးတိုင်း]၊ သင်တန်းသူစံပြဆုရ ကသအမှတ် B-၁၈၂ ဒေါ်နီလာအောင် (မူလတန်းပြ၊ အမှတ်-၂၆၊ အခြေခံပညာ မူလတန်းလွန်ကျောင်း မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်း)၊ သင်တန်းသား ဖွဲ့လုံ့လဆုရ ကသအမှတ် F-၁၄၉ ဦးသိန်းဝင်း [မူလတန်းပြ အခြေခံပညာမူလတန်းကျောင်း (ပန်းဘဲတန်း) ပြည်မြို့နယ် ပဲခူးတိုင်း]၊ သင်တန်းသူ ဖွဲ့လုံ့လဆု(၁)ရ ကသအမှတ်(၁) A-၁၆၅ ဒေါ်အေးဝင်း (မူလတန်းပြ အမှတ်-၃၊ အခြေခံပညာ အလယ်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း)နှင့် သင်တန်းသူ ဖွဲ့လုံ့လဆု(၂)ရ ကသအမှတ် A-၁၁၇ ဒေါ်ဆွေဆွေကြည် (အလယ်တန်းပြ အမှတ်-၂၊ အခြေခံပညာမူလတန်းလွန်ကျောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်း)တို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ အမျိုးသားတပ်ခွဲ(၅) အဆောင် (၃)နှင့် အမျိုးသမီးတပ်ခွဲ (၄) အဆောင် (၁၀)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး တပ်ခွဲအလိုက် သင်တန်းသား၊ သင်တန်းသူ ခေါင်းဆောင်များထံ သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်တန်းသား စံပြဆုရ ဦးအေးကို [အလယ်တန်းပြ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဝမ်းဘဲအင်း ပဲခူးမြို့နယ် ပဲခူးတိုင်း] အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အရှေ့တီမော၌ ရောမကြွက်ကြီးများ၏ ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိ

ဆစ်ဒနီ ဇူလိုင် ၃၁

အရှေ့တီမောနိုင်ငံတွင် ခွေးငယ်ပမာဏခန့်ကြီးမားသော ရှေးခေတ်ကြွက်ကြီးများ၏ ရုပ်ကြွင်းများကို ဩစတြေးလျ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းကြွက်ကြီးများသည် အလေးချိန်အားဖြင့် ၁၃ပေါင်မျှလေးပြီး ခွေးငယ်တစ်ကောင်မျှကြီးမားသော ရောမကြွက်ကြီးများဖြစ်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်တစ်ဦးက ဆိုသည်။ စူပါကြွက်ကြီးများနှင့် ယနေ့ထိ ရှင်သန်ဆဲကြွက်များကို နှိုင်းယှဉ်ပါက အရွယ်အစားအားဖြင့် သုံးဆမျှကွာကြောင်း သိရသည်။

အဆိုပါကြွက်ကြီးများသည် အရှေ့တီမောတွင် လွန်ခဲ့သည့် နှစ် ၁၀၀၀မှ ၂၀၀၀အတွင်း ရှင်သန်ကျက်စားခဲ့ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြေစိုက်နေထိုင်လာသော လူသားများကြောင့် ပျောက်ကွယ်သွားခြင်း ဖြစ်ဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

စိုက်ပျိုးရေး လုပ်ငန်းများအတွက် သစ်တောများကို ခုတ်ထွင်ရှင်းလင်းခဲ့ခြင်းသည် ယင်းကြွက်ကြီးများ ကွယ်ပျောက်ခဲ့ရမှု၏ အကြောင်းရင်းဖြစ်ကြောင်း သတင်းများ၏အဆိုအရ သိရသည်။

ယနေ့ခေတ်အထိ ရှင်သန်ဆဲအကြီးဆုံး ကြွက်မျိုးစိတ်ဝင် ကြွက်များသည် အလေးချိန် နှစ်ကီလိုဂရမ်မျှရှိပြီး ဖိလစ်ပိုင်နှင့် ပါပူဝါနယူးဂီနီနိုင်ငံများရှိ မိုးသစ်တောကြီးများထဲ၌ ရှင်သန်ပေါက်ဖွားသည်။ ***အင်တာနက်။***



ပျောက်ကွယ်သွားပြီ ဖြစ်သော တီမောကြွက်ကြီးတစ်ကောင်၏အပေါ်မေးရိုး (ဝဲ)နှင့် ယနေ့ခေတ် ကြွက်တစ်ကောင်၏ဦးခေါင်းခွံကို ဤသို့ နှိုင်းယှဉ်တွေ့နိုင်သည်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြန်ပေးဆွဲခံရသော ခရီးသည်တင်လေယာဉ် ရုရှားအထူးတပ်ဖွဲ့ဝင်များ စီးနင်း

မော်စကို ဇူလိုင် ၃၁

ရုရှားနိုင်ငံ မော်စကိုလေဆိပ်၌ ခရီးသည်နှင့်လေယာဉ်အမှုထမ်း ၁၀၅ ဦးပါရှိသော ခရီးသည်တင်လေယာဉ်တစ်စင်းကို ကြာသပတေးနေ့တွင် လူတစ်ဦးက ထိန်းချုပ်ထားခဲ့ရာ ရုရှားအထူးတပ်ဖွဲ့များက ပြန်လည်စီးနင်း ထိန်းသိမ်းခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ရုရှားနိုင်ငံ တောင်ပိုင်းမှ ပျံသန်းလာသော ယင်းခရီးသည်တင်လေယာဉ်သည် မော်စကိုမြို့တော် ဒိုမိုဒီဒိုဗိုလေဆိပ်သို့ ဆင်းသက်နေစဉ် အသက်(၃၀)ခန့်အရွယ်ရှိ အမျိုးသားတစ်ဦးက ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးရန် အဆိုပြုထားသော စာတစ်စောင်ကို လေယာဉ်အမှုထမ်းများထံ ပေးအပ်ခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ထုတ်ပြန်သောအစီရင်ခံစာတွင် ဖော်ပြထားသည်။

သို့ရာတွင် လေယာဉ်တစ်စင်းလုံးကို အဆိုပါ အမျိုးသားက မည်သို့မည်ပုံ ထိန်းချုပ်ခဲ့သည်ကို ကွဲကွဲပြားပြား မသိရသေးပေ။

ရုရှားရဲတပ်ဖွဲ့၏ အဆိုအရ ယင်းအမျိုးသားသည် လက်နက်ကိုင်ဆောင်ထားခြင်းမရှိကြောင်း သိရသည်။ လေယာဉ်ပေါ်ပါခရီးသည်များကို ဆေးဘက်ဆိုင်ရာအကူအညီများပေးရန် ပြန်ပေးဆွဲသူက သဘောတူခဲ့ပြီးနောက် ဆရာဝန်များအဖြစ် ဟန်ဆောင်ထားသော ရုရှားအထူးတပ်ဖွဲ့ဝင်များက ယင်းခရီးသည်တင်လေယာဉ်ပေါ်သို့ တက်ရောက်စီးနင်းကာ ပြန်လည်ထိန်းသိမ်းခဲ့ရကြောင်း သတင်းများတွင်ဖော်ပြသည်။ ***အင်တာနက်။***

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံး ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင်သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်ကွင်း အုပ်စု(င)

စွမ်းအင်ဝန်ကြီးဌာန - နှစ်ဂိုး
(ညဏ်လင်းထွန်း)
ယဉ်ကျေးမှုဝန်ကြီးဌာန - နှစ်ဂိုး
(ပြည့်ဖြိုးအောင်)
(ဒိုင်လူကြီး)ဦးသီဟကျော်
(မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(စ)

အားကစားဝန်ကြီးဌာန - ခုနစ်ဂိုး
(ဇင်မင်းသူစိုး-လေးဂိုး၊ အာကာကျော်ထင်-နှစ်ဂိုး၊ မြင့်ဇော်)
အမှတ်(၁)လျှပ်စစ်ဝန်ကြီးဌာန - ဂိုးမရှိ
(ဒိုင်လူကြီး) ဦးသိန်းဇော
(မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(စ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန - တစ်ဂိုး
(နေဝင်းဗိုလ်)
ပြန်ကြားရေးဝန်ကြီးဌာန - ဂိုးမရှိ
(ဒိုင်လူကြီး)ဦးထွန်းရှင်
(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်တွင်(စ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ဩဂုတ် ၂ ရက် ပွဲစဉ်များ အဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (ဆ) အုပ်စုမှဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း နှင့် တရားရုံးချုပ်အသင်း၊ နေပြည်တော် ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ သာသနာရေးဝန်ကြီးဌာန အသင်းနှင့် အလုပ်သမားဝန်ကြီးဌာန အသင်း၊ နေပြည်တော်လယ်ဝေး အားကစား ပြိုင်ကွင်း၌(ဇ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်း နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)အမှတ်(၂၉)ထွက်ရှိ

ရန်ကုန် ဇူလိုင် ၃၁

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၆) အမှတ်(၂၉)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ တပ်ချံမဟာ က ပြောပြနေသော ဘဝဇာတ်ခုံ အလွမ်း ပုံပြင် ခရီးသွားဆောင်းပါးနှင့် အတူ မှောက်ပြန်ပြီလားသစ်လုံးကား၊ မြန်မာ လူငယ်အင်ဂျင်နီယာများကို စီအင်န်ဂျီ တပ်ဆင်ခြင်းနည်းပညာများ ကိုရီးယားက စရိတ်ငြိမ်း သင်ကြားပေးမည်၊ နယ်စပ်၌ ပွဲစားအချို့ ငွေလဲရာတွင် လိမ်လည်မှုများ ရှိနေ၊ အလုံနှင့် ဒလသင်္ဘောကျင်းနှစ်ခုကို နိုင်ငံတကာအဆင့်မီ ပြန်လည်ပြုပြင်မည်၊ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ အောက်တိန်းဆီကို ပိုမိုရောင်းချနိုင်ရန် စီစဉ်၊ တရားလိုမှ တရားခံပြန်ဖြစ်သွား သည့် ကျပ်သိန်းငါးရာတန်ဖိုးရှိ ရွှေထည် ပစ္စည်းပျောက်ဆုံးမှု နာရီပိုင်းအတွင်း ဖော်ထုတ်နိုင်ခဲ့၊ လူလတ်တန်းစားများ တိုက်ခန်းအပိုင်ဖြင့်နေနိုင်ရန် တန်ဖိုး နည်းအိမ်ရာ တည်ဆောက်မည်၊ မြန်မာ အမျိုးသမီးလက်ဝှေ့အဖွဲ့ ကမ္ဘာ့အမျိုးသမီး လက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် ပထမဆုံး ဝင်ပြိုင်မည် စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ လျှိုစေ့နှင့်ထက်စေ့ Myanmar CHANNEL၊ စွန့်စားရှာဖွေ လိုသူတို့ မျက်စိကျလာသော ဓမ္မစေတီ ခေါင်းလောင်းကြီး(၁)Myanmar DISCOVERY၊ ဆရာဘုန်းလူလှ၏ နိုင်ငံရေး သဘောတရားများ၊ မြန်မာစာ မြန်မာ စကား အလေးထားစေချင်၊ သဘာဝ ဘေး အန္တရာယ်တွေက အရင်နှစ်တွေက ထက် ပိုများလာနိုင်ပါတယ် ဖတ်စရာမှတ် စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'မှန်ကန်တဲ့အလုပ်၊ လုပ်သင့်လုပ်ထိုက် တဲ့အလုပ်လို့ ယူဆတဲ့အတွက် လုပ်တာ ဖြစ်တယ်' ဘီလျံနာသူဌေး ဒေါက်တာ မိုအီဗရာဟင်နှင့်THE STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အိုဘားမားက အထင်လွဲမှားပြီး အလုပ် ထုတ်ခံရသူအား ဝမ်းနည်းစကားဆို၍ အလုပ်ပြန်ဝင်ရန် တိုက်တွန်း၊ တရုတ် နိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၇၀၀ခန့် အသက်ဆုံးရှုံး၊ ပင်လယ်ရေ မျက်နှာပြင်မြင့်တက်လာမှုကြောင့် အိန္ဒိယ သမုဒ္ဒရာတစ်လျှောက်ရှိ လူသန်းပေါင်း များစွာ ဘေးဒုက္ခတွေ့ဖွယ်ရှိ၊ အချစ်ကို ထိရင် ကွန်ဖူးကစ်မိမယ်၊ အိန္ဒိယက ကိုယ်စားမိခင်များအား အကာအကွယ် ပေးမည့် ဥပဒေစည်းမျဉ်းသစ်ကို ပြဋ္ဌာန်း နိုင်ရန် ကြိုးပမ်း၊ မင်းသမီး လီယောင်အေး မိခင်ဖြစ်တော့မည်၊ ပါကစ္စတန် ခရီးသည် တင် လေယာဉ်တစ်စင်းပျက်ကျ ခရီးသည် ၁၅၂ ဦးသေဆုံး၊ ကျွန်တော့်ကို အလုပ် တစ်ခု လောက်ပေးပါ စသည့် နိုင်ငံတကာ သတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာ ရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာ တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။
(သတင်းစဉ်)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇူလိုင် ၃၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)တွင် ၁ ဒသမ ၁၈ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ စစ်တွေမြို့၊ သံတွဲမြို့နှင့် လောင်းလုံမြို့တို့ တွင် ၂ဒသမ ၇၆ လက်မစီ၊ ဖလမ်းမြို့တွင် ၂ ဒသမ ၁၃ လက်မနှင့် မြင်းခြံမြို့တွင် ၁ ဒသမ ၅၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဩဂုတ် ၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင် သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၃ဒသမသုညဒီဂရီစင်တီဂရိတ်)၉၁ ဒီဂရီဖာရင်ဟိုက်		၃၀-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၄ဒသမ သုညဒီဂရီစင်တီဂရိတ်)၇၅ဒီဂရီဖာရင်ဟိုက်		၃၁-၇-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ရာခိုင်နှုန်း		၃၁-၇-၂၀၁၀
နေပူသည့်နာရီပေါင်း	၂ဒသမ ၇နာရီခန့်	၃၀-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၁-၇-၂၀၁၀	၁၀မမ (သုညဒသမ ၃၉လက်မ)	၁၉မမ (သုညဒသမ ၇၅လက်မ)	၁၂မမ (သုညဒသမ ၄၈လက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၁၀၆၂မမ (၄၁ဒသမ ၈၁လက်မ)	၁၂၀၄မမ (၄၇ဒသမ၄၀လက်မ)	၁၄၃၂မမ (၅၆ဒသမ၃၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံး လေတိုက်နှုန်းမှာ ၃၀-၇-၂၀၁၀ ရက် ၁၁း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်းတိုက်ခတ်သည်။

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု

နိုင်ငံတကာအားကစားသတင်းများ

ဥရောပ ယူ-၁၉ ဘောလုံးပြိုင်ပွဲ ပြင်သစ်ဗိုလ်စွဲ

ပါရီ ဇူလိုင် ၃၁

ဥရောပ ယူ-၁၉ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို စနေနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်က စပိန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဖြစ်ခဲ့သည်။

ပြင်သစ်အသင်းသည် ဆီမီးဖိုင်နယ်တွင် ခရိုအေးရှားနှင့် စပိန်က အင်္ဂလန်တို့ကိုအနိုင်ယူ၍ ယခုဗိုလ်လုပွဲသို့ တက်လာ ခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် ပြင်သစ်အတွက် ဂိုးများကို ၄၉ မိနစ်တွင် ဂီးလက်စ်ဆူနူနှင့် ၈၅မိနစ်တွင် လာကတ်ဇက်တီတို့က သွင်းယူပေးခဲ့ပြီး စပိန်အတွက်ဂိုးကို ပွဲချိန် ၁၈မိနစ်တွင် ဒန်နီယယ်ပါချီကိုက သွင်းယူခဲ့သည်။ ဥရောပယူ-၁၉ဘောလုံးပြိုင်ပွဲ၏ ရွှေဖိနပ်ဆုကို စပိန်အသင်းမှ ဒန်နီယယ်ပါချီကိုက ရရှိသွားသည်။ **အင်တာနက်။**

ဥရောပယူ-၁၉ချန်ပီယံ ပြင်သစ်အသင်းအား ချန်ပီယံဆုဖလားနှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘာရစ္စတိုးလ်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်သို့ပြန်လာရန် ရည်မှန်းထားသည့် ဒေးဗစ်ဂျိမ်းစ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒေးဗစ်ဂျိမ်းစ် ဘာရစ္စတိုးလ်စီးတီးသို့ ပြောင်းရွှေ့

လန်ဒန် ဇူလိုင် ၃၁

ပို့စ်မောက်အသင်းမှ အင်္ဂလန်ဂိုးသမားဒေးဗစ်ဂျိမ်းစ်သည် အင်္ဂလန် ချန်ပီယံရှစ်ကလပ် ဘာရစ္စတိုးလ်စီးတီးသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

အသက်(၃၉)နှစ်ရှိ ဒေးဗစ်ဂျိမ်းစ်သည် ဘာရစ္စတိုးလ်စီးတီးသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိကာ တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ၎င်းကို အင်္ဂလန်ပရီမီယာလိဂ် အသင်းများဖြစ်သည့် ဖူလ်ဟမ်၊ ဆန်းဒါးလန်းနှင့် စကော့တလန်မှ ဆဲလ်တစ်အသင်းများ၏ကမ်းလှမ်းမှုများရှိခဲ့သည်။ သို့သော် ၎င်းအနေဖြင့် ယင်းကမ်းလှမ်းမှုများကိုလက်မခံဘဲ ဘာရစ္စတိုးလ်စီးတီး အသင်းကို အံ့ဩစွာရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဘာရစ္စတိုးလ်စီးတီးရောက် ဒေးဗစ်ဂျိမ်းစ်က "ကျွန်တော် ပရီမီယာလိဂ်မှာ ဆက်နေဖို့ အခွင့်အရေးတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ပထမပွဲထွက်စာရင်းမှာ ပါဝင်ဖို့က အဓိကပါ။ မိသားစုအသွင် ဖြစ်ချင်တာကြောင့် မှန်ကန်တဲ့အသင်းကို ပြောင်းရွှေ့ခဲ့တာပါ။

"ကျွန်တော် ဘာရစ္စတိုးလ်စီးတီးအသင်း ဥက္ကဋ္ဌ စတိဗ်လန်းစဒေါင်းနဲ့ အချိန်အတော်ကြာ တွေ့ဆုံစကားပြောဖြစ်ခဲ့ပါတယ်။ သူက ကလပ်နဲ့ သူ့ရဲ့ရည်မှန်းချက်တွေကို ပြောပြခဲ့ပါတယ်။

"သူတို့ဟာ ကွင်းသစ်တည်ဆောက်ဖို့စီစဉ်ထားသလို ပရီမီယာလိဂ်ကိုတန်းတက်နိုင်ရေး ကြိုးပမ်းနေကြသူတွေပါ။ ကျွန်တော့်အနေနဲ့လည်း ပရီမီယာလိဂ်ကို အနောက်တောင်ပိုင်းအသင်းတွေက တစ်သင်းမှတက်မလာနိုင်တဲ့အစဉ်အလာကို ချိုးဖျက်ပစ်ချင်နေပါတယ်"ဟု ပြောကြားခဲ့သည်။ **အင်တာနက်။**

လာဇီယိုအသင်းခေါ်ယူလိုက်သည့် မန်စီးတီးနောက်ခံကစားသမား ဂျာဗီရာဂါရီဒို။ *(ဓာတ်ပုံ-အင်တာနက်)*

မန်စီးတီးမှ ဂျာဗီရာဂါရီဒိုကို လာဇီယိုခေါ်ယူ

လန်ဒန် ဇူလိုင် ၃၁

အင်္ဂလန်ပရီမီယာလိဂ်ကလပ်မန်စီးတီး အသင်းမှဘယ်နောက်ခံလူ ဂျာဗီရာဂါရီဒို ကို အီတလီစီးရီးအေကလပ် လာဇီယို အသင်းက ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ရာသီသစ်အတွက် ပြုပြင်ပြောင်းလဲမှု အများအပြားပြုလုပ်နေသည့် မန်စီးတီး အသင်းသည် အသင်း၏ ဘယ်နောက်ခံ လူနေရာအတွက် လာဇီယိုအသင်းမှပင် ကိုလာရော့ဗ်ကို ခေါ်ယူထားပြီးဖြစ်၍ ယခုဂျာဗီရာဂါရီဒိုကို ရောင်းထုတ်ခဲ့ခြင်း ဖြစ်သည်။ ဂျာဗီရာဂါရီဒိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်စီးတီးအသင်းတွင် ၁၂ ပွဲပါဝင် ကစားခွင့်ရရှိခဲ့ပြီး ဧပြီ ၁၁ ရက်က ဘာမင်ဂမ်နှင့် ကစားခဲ့သည့် ပွဲမှာ သူ၏ ပရီမီယာလိဂ်နောက်ဆုံး ပွဲစဉ်ဖြစ်ခဲ့သည်။ **အင်တာနက်။**

ဝင်းတင်(ကြေးမုံ)

အထူးကျေးဇူးတင်ရှိခြင်း

၂၈-၇-၂၀၁၀ ရက်တွင် ကွယ်လွန်သွားခဲ့သော ဒုတိယဗိုလ်မှူးကြီး ကျော်စိန် (ငြိမ်း) အသက် ၈၂ နှစ်၏ ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော စစ်ဘက်/နယ်ဘက်ဌာနအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဖခင်ကြီး၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရောင်းရင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ နည်းလမ်းမျိုးစုံဖြင့် သတင်းမေးနှစ်သိမ့်အားပေးကြသူများ၊ ဈာပနသို့ လိုက်ပါပို့ဆောင်ပေးသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်အုန်း (မန်နေဂျာ)
Aye Tharyar Golf Resort

ဘဘအုန်းသည် ၂၁-၇-၂၀၁၀ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် အန်တီနုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တူ၊ တူမများ
ကျော်စွာဝင်းစော-မျိုးမျိုး
သက်ဇင်ဝင်းစော(ခ)ဖိုးသီဟ
ဗိုလ်ကြီးခင်ကျော်မင်း (D.S.M.A)-မအေးသန္တာလင်း
မြေး-အေးအိမ့်အိန္ဒြာကျော်

ဆရာကြီး ဒေါက်တာ မင်းညိမ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
(Sealed Tender) ခေါ်ယူခြင်း

(က)	12(T)2/MR(ML) 2010-2011(Euro)	Locomotives Engine Spare Parts (SACM/CAT/Pielstick)	1 Lot (25 Items)
(ခ)	(CMO) 2010-2011(Kyat)	Dental Chair Complete Set	1 Set

01-291985,294252,293994

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကို သြဂုတ် ၁၅ ရက်တွင် လပွတ္တာမြို့ရှိ ဆုတောင်းပြည့်ဘုရားကြီး၌ ကျင်းပမည်ဖြစ်၍ အလှူရှင်များအနေဖြင့် ဦးကောင်းရင်(ယာယီဥက္ကဋ္ဌ) ဖုန်း-၆၆၃၀၆၂၊ ဦးဟန်စိန်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၅၄၁၈၀၆၊ ဦးသန်းထွန်း(အတွင်းရေးမှူး) ဖုန်း-၃၇၁၅၄၄၊ ဦးခင်မောင်လေး (တွဲဖက်အတွင်းရေးမှူး)ဖုန်း-၇၀၃၀၇၇၊ ဦးအမိုင်(ဘဏ္ဍာရေးမှူး)ဖုန်း-၂၂၇၄၇၂၊ အသင်းတိုက်ရုံး ဖုန်း-၂၂၂၀၈၈နှင့် လပွတ္တာမြို့ရှိ ဌာနေကိုယ်စားလှယ်များထံ ဆက်သွယ်လှူဒါန်းကြရန်နိုးဆော်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ဦးတင်အောင်ကျော်
LCCI (Level I & II)

(VAC)
Applied Human Resources Management
Ph: 73022727, 09-5102094

(၃)နှစ်ပြည့်အလွမ်း
ဦးသိန်းထွတ်(ခ)ဦးဆန်နီ
(မန်နေဂျာ-နယ်စပ်စည်ပင်ဘဏ်)

ချစ်ခင်ပွန်း---

မမျှော်လင့်ဘဲ မိန်းမနဲ့သမီးလေးကို ခွဲခွာသွားတာ ဒီနေ့ဆိုရင် (၃)နှစ်ပြည့်သွားပေမယ့် မနေ့တစ်နေ့ကလိုပဲ ခံစားရပါတယ်။

နေ့စဉ်၊ လစဉ်ပြုသမျှ ဒါန၊ သီလ၊ ကုသိုလ်အစုစုတို့ကို ထပ်တူရပါစေ။ ချစ်ခင်ပွန်း အမျှ အမျှ အမျှ

ချစ်ဇနီး - ဒေါ်သင်းသင်းလှ
ချစ်သမီး - သွယ်သွယ်အောင်ထွန်း

ဆရာကြီးမင်းသိခ်
(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ကျေးဇူးရှင် ဆရာကြီး မင်းသိခ်အား အမှူးထား၍ မဟာစည်သာသနာ့ရိပ်သာ ဟိတေသီတွင် ယောဂီကုန်၊ သံဃာကုန် ဆွမ်းကပ်လှူဒါန်း၍ အမျှပေးဝေပါသည်။

ရောက်ရာဘုံဘဝမှ သာဓုခေါ်ပါ။

ဦးဝင်းနိုင်-ဆရာမချစ်စုသွယ်
သားကြီး - ဆရာအောင်ကောင်းမောင်
သားငယ် - ဆရာဖြိုးသီဂီကျော်
ဇလွန်လမ်း၊ စမ်းချောင်း

ဆရာကြီးမင်းသိခ်
(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

အဘ တစ်သက်တာ ထာဝရဘယ်တော့မှ မမေ့နိုင်ပါ။

ပြုသမျှသော ကုသိုလ်အားလုံးကို တမလွန်မှ အဘ သာဓုခေါ်ပါ။

ချစ်သောတပည့်ရင်းများ

(၁) စောရန်နိုင် (ကမ္ဘာအေး)	(၁) ချစ်စုသွယ် (စမ်းချောင်း)
(၂) မြတ်သိမ်းကျော် (မန္တလေး)	(၂) စန်းယမုံနဒီ (မြောက်ဥက္ကလာ)
(၃) အောင်ကောင်းမောင် (စမ်းချောင်း)	(၃) အိကျော့မေ (တောင်ဥက္ကလာ)
(၄) သီဟထက်ဇော် (စမ်းချောင်း)	(၄) ရွှေယမင်းဉ (တောင်ဒဂုံ)
(၅) အောင်ခိုင်မိုး (ကျိုက်ဒေးရုံ)	(၅) အေးချမ်းမေ (ငွေကြာရံ)
(၆) ထက်အောင်ရှိုင်း (ကြည့်မြင်တိုင်)	(၆) ဟန်နွယ်ညို (ပါရမီ)
(၇) ဖြိုးသီဂီကျော် (စမ်းချောင်း)	(၇) သန္တာဇော် (ကြည့်မြင်တိုင်)
	(၈) ငြိမ်းဆုဟန် (လှိုင်)
	(၉) အေးချမ်းမြ (စမ်းချောင်း)
	(၁၀) မေသီရိခင် (ကြည့်မြင်တိုင်)
	(၁၁) ယမင်းအေး (လသာ)
	(၁၂) မေကြည်အုံး(သာကေတ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မူးယစ်သုတနှင့် သတင်းအချက်အလက်များ ဆွေးနွေးပို့ချ

လှည်းကူး ဇူလိုင် ၃၁

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ ငွေကြယ်ပွင့် လူငယ်ကော်မတီနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(လှည်းကူး)တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဗဟုသုတနှင့် သတင်းအချက်အလက်များကို လူငယ်ထုအတွင်းသို့ ဆွေးနွေးပို့ချပွဲကို ဇူလိုင် ၂၀ရက် နံနက် ၉ နာရီတွင် လှည်းကူး (အထက) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) တွဲဖက်အတွင်းရေးမှူးငွေကြယ်ပွင့်လူငယ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားကာ ငွေကြယ်ပွင့်လူငယ်ကော်မတီဝင် ဒေါ်အေးအေးအောင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဗဟုသုတနှင့် သတင်းအချက်အလက်များ ပို့ချမည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (လှည်းကူး) ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က ကျေးဇူးတင်စကားပြောကြားပြီး ငွေကြယ်ပွင့်လူငယ် တာဝန်ခံနှင့် နည်းပြများက ကျောင်းသား၊ ကျောင်းသူလေးများအား မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဗဟုသုတနှင့်သတင်းအချက်အလက်များကို ရှင်းလင်းပို့ချခဲ့ကြောင်းသိရသည်။

(ကြေးမုံ)

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မန္တလေး ဇူလိုင် ၃၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီခွဲတွင် တက္ကသိုလ်ပန်းဥယျာဉ်၌ ကျင်းပရာ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် ပါမောက္ခ/ဌာနမှူးများ၊ တက္ကသိုလ်စိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အင်္ဂလိပ်စာဌာနတွဲဖက်ပါမောက္ခဦးဇော်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀ကျော်ခန့်က သပြေ၊ ကံ့ကော်၊ သရက်၊ ခရေ၊ ပုန်းညက်၊ ငု၊ စိန်ပန်း၊ တရုတ်စကား၊ တည်ပင်နှင့် ပိန္နဲ စသည့် အပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းနှင့် စိုက်ပျိုးထားသော အပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် ဘာသာရပ်ဌာနအလိုက်၊ ရုံးဌာနအလိုက် တာဝန်ခွဲဝေသတ်မှတ်၍ စနစ်တကျထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သာယာဝတီခရိုင် နတ်တလင်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းဟောပြော

နတ်တလင်း ဇူလိုင် ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့ သကျမဟာမြတ်မုနိ ဘုရားကြီးဝင်းဓမ္မာရုံ၌ ဇူလိုင် ၁၇ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

တက်ရောက်

ဟောပြောပွဲအခမ်းအနားသို့ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဌေးဝင်း၊ မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဒေါ်ခင်သီတို့ တက်ရောက်ကြပြီး ခရိုင်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးချစ်တင် (**အောက်ပုံ**)က လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောရာ မြို့နယ်နှင့် ကျေးလက်နေပြည်သူ ၅၀၀ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)



❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့သို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၂၅ ရက်နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာခဲ့ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Dr. Villur Sundararajan Seshadri နှင့်ဇနီး၊ Superintendent of Police Mr. Daljeet Singh၊ District Magistrate Mr. Udai Kumar တို့က အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့ ဂယာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)